
# မေးလေ့ရှိသောမေးခွန်းများ (FAQ)
# ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း



| | |
|---|---|
| ၁ | **ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် မည်သည့်အရည်အချင်းများနှင့်ပြည့်စုံရပါမလဲ။**<br><br>ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိဖို့အတွက် အမည်စာရင်း တင်သွင်းလွှာ တင်သွင်းချိန်မှာ အောက်ဖော်ပြပါအချက်များနဲ့ပြည့်စုံရပါမည် -<br>• နိုင်ငံသားဖြစ်သူ၊<br>• မဲစာရင်းတွင်ပါဝင်သူ၊<br>• ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ်အခြေချနေထိုင်ခဲ့သူ၊<br>• နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ၊<br>• ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ နှစ်ပြည့်ပြီးသူ။ |
| ၂ | **ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများမှာ မည်သည့်ပုဂ္ဂိုလ်များဖြစ်ပါသလဲ။**<br><br>ရွေးကောင်တင်မြှောက်ခံပိုင်ခွင့်မရှိသူတွေကတော့<br>• ထောင်ဒဏ်ကျခံနေရသူ၊<br>• လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသော ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသူနှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊<br>• စိတ်ပေါ့သွပ်သူ၊<br>• လူမွဲအဖြစ်တရားရုံး၏ကြေညာခံထားခြင်းမှလွတ်မြောက်ခွင့်မရသေးသူ၊<br>• မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှဖြစ်စေ မွေးဖွားသည့် နိုင်ငံသား၊<br>• နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ၊ ဩဇာခံယူသူ၊<br>• နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏နိုင်ငံသားဖြစ်သူ၊<br>• သာသနာ့ဝန်ထမ်း၊<br>• နိုင်ငံ့ဝန်ထမ်း၊<br>• နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေရယူသုံးစွဲသူ၊ သို့မဟုတ် ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊<br>• နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊<br>• နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကိုအသုံးချသူ၊<br>• ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား သို့မဟုတ်နိုင်ငံခြားသားအဖြစ်ခံယူထားသူ၊<br>• တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်းခိုင်လုံသောအထောက်အထားရှိသူ။ |

| | | |
|---|---|---|
| ၃ | **ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဘယ်လိုတင်သွင်းရပါမလဲ။**<br>သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါအတိုင်း အမည်စာရင်းတင်သွင်းရပါမည်။ | |
| အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၃.၁ | **ဘယ်မှာတင်သွင်းရပါမလဲ။**<br><br>လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့ ထံသို့ သတ်မှတ်ထားသည့် ပုံစံများဖြည့်စွက်၍ တင်သွင်းရမည်။<br>* တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများထဲမှ ရွေးကောက်ခံလိုသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများထံသို့ တိုက်ရိုက်တင်သွင်းရပါမည်။ |
| | ၃.၂ | **ဘယ်အချိန် တင်သွင်းရမှာပါလဲ။**<br><br>ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ (၂၀) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ (၇) ရက်နေ့ အတွင်း တင်သွင်းရမည်။ သတ်မှတ်ကာလ ကုန်ဆုံးပြီးမှ တင်သွင်းလာသော အမည်စာရင်းတင်သွင်းလွှာကို လက်ခံပေးမည်မဟုတ်ပါ။ |
| | ၃.၃ | **မည်သည့်ပုဂ္ဂိုလ်က အမည်စာရင်းတင်သွင်းနိုင်ပါသလဲ။**<br><br>ကိုယ်စားလှယ်လောင်းကိုယ်တိုင် သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်က တင်သွင်းနိုင်ပါသည်။ |
| | ၃.၄ | **ငွေကြေးတစ်စုံတစ်ရာပေးသွင်းရပါသလား။**<br><br>ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကျပ် (၃)သိန်းပေးသွင်းရပါမည်။ |
| | ၃.၅ | **မည်သည့်အချက်အလက်များတင်သွင်းရပါမလဲ။**<br><br>• လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာ ပုံစံ(၆) မူရင်း (၂)စုံ၊<br>• ကော်မရှင်ကသတ်မှတ်ထားသည့်ပုံစံအတိုင်း ကိုယ်ရေးမှတ်တမ်း မူရင်း(၂)စောင်၊<br>• ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကျပ် (၃)သိန်းပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်း မူရင်း(၁)စောင်၊ မူရင်းမိတ္တူ(၁)စောင်၊<br>• ပုံစံ (၆)တွင် မြို့နယ်တရားသူကြီး အဆင့်ထက်မနိမ့်သော တရားသူကြီး၏လက်မှတ် နှင့် ရုံးတံဆိပ်ပါရှိရမည်၊<br>• ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် မိမိကိုယ်တိုင်ဆောင် ရွက်လိုလျှင် ပုံစံ (၇) ဖြင့်လည်းကောင်း၊ အခြားသူတစ်ဦးဦးကို ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားလိုပါက ပုံစံ ၇(က)ဖြင့်လည်းကောင်းခန့်ထားရမည်။ ပုံစံ (၆)နှင့်အတူခန့်စာ (၂) စောင် ပူးတွဲတင်သွင်းရမည်၊<br>• နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပါက သက်ဆိုင်ရာပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုကြောင်း ထောက်ခံစာ(၁)စောင်။ |

**၃.၆ အမည်စာရင်းတင်သွင်းပြီးနောက်ဘာတွေလက်ခံရရှိပါမလဲ။**

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံမှ အမည်စာရင်းတင်သွင်းလွှာ လက်ခံရရှိကြောင်း ပြန်ကြားစာ ရရှိပါမယ်။ အဆိုပါလက်ခံတွင် တင်သွင်းလွှာလက်ခံရရှိသည့်နေ့ရက်၊ အချိန်တို့ကို မှတ်တမ်း နှင့်တကွ တာဝန်ရှိသူ၏လက်မှတ်ပါရှိပါမည်။ ကိုယ်စားလှယ်လောင်း သို့မဟုတ် လက်ခံရယူမည့် သူမှ လက်မှတ်ထိုးရယူရပါမည်။

**၃.၇ ရွေးကောက်ပွဲကိုယ်စားလှယ် ဘယ်လိုခန့်အပ်ရပါမလဲ။**

ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားသူတစ်ဦးအား မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားလိုလျှင် ပုံစံ (၇-က)ဖြင့်ခန့်ထားရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်းခံရသူက သဘောတူ ကြောင်းလက်မှတ်ရေးထိုးရမည်။ အဆိုပါ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားသူတစ်ဦးအားမိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ကိုယ်တိုင်ဆောင်ရွက်ခြင်းကို ဆုံးဖြတ်နိုင်သည်။

**၃.၈ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းနိုင်ပါသလား။ ဘယ်လိုရုပ်သိမ်းနိုင်ပါသလဲ။**

အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်ကာလဖြစ်သော ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ (၁၀)ရက် ထိနောက်ဆုံးထား ရုပ်သိမ်းခွင့်ရှိပါသည်။ ရုပ်သိမ်းလွှာကို ပုံစံ (၉) နှစ်စောင်ဖြင့် မိမိကိုယ် တိုင်ဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံ တင်ပြ ရပါမည်။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသူ ဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင်တင်ပြရပါမည်။

**၄ အမည်စာရင်းတင်သွင်းလွှာ စိစစ်ခြင်းကို မည်သည့်အချိန်၊ ကာလနှင့် မည်သို့စိစစ်လုပ်ဆောင်ပါသလဲ။**

အမည်စာရင်းတင်သွင်းထားသူ၏ တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊ လက်ခံရန် သင့်/မသင့်ကို စိစစ်ဆောင်ရွက်မည်ဖြစ်သည်။ အမည်စာရင်းတင်သွင်းလွှာလက်ခံသည့် ကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်လွှဲအပ်ခြင်းခံရသူသည် အမည်စာရင်းတင်သွင်းလွှာ၌ ပါရှိသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့်တကွ အချက်အလက်အပြည့်အစုံအပြင် အမည်စာရင်းတင်သွင်းလွှာစိစစ်ရန် သတ်မှတ်သောနေ့ရက်၊ အချိန်၊ နေရာတို့ကို ဖော်ပြထားသည့် ကြေညာချက် ပုံစံ (၆-က) ကို မိမိ၏ရုံး၌ အများပြည်သူမြင်နိုင်သည့် နေရာတွင် ဆောလျင်စွာ ကပ်ထားပေး မည်ဖြစ်သည်။

အမည်စာရင်းစိစစ်မည့်ကာလမှာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက် မှ (၁၇)ရက်အထိ ဖြစ်ပါသည်။ အောက်ဖော်ပြပါပုဂ္ဂိုလ်များအနေဖြင့် စိစစ်ရန် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်၊ နေရာသို့ လာရောက်ခွင့် ရှိသည် -

(၁) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာရွေးကောက်ပွဲကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့် တာဝန်လွှဲအပ်ထားသူ၊
(၂) သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီးကို ကူညီရန် ယင်းအဖွဲ့ခွဲကတာဝန်ပေးအပ်ခြင်းခံရသူများ၊
(၃) သက်ဆိုင်ရာမဲဆန္ဒနယ်၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊
(၄) ရွေးကောက်ပွဲလေ့လာသူများ။

၅ **မည်သည့်အခြေအနေတွင် ကိုယ်စားလှယ်လောင်းတင်သွင်းလွှာကို ကော်မရှင်က ပယ်ချနိုင်ပါသလဲ။**

အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခိုင်လုံသောအထောက်အထား တွေ့ရှိပါက ပယ်ချနိုင်ပါသည် -

- အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော အမည် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့သည် သက်ဆိုင်ရာ မဲစာရင်းပါအချက်အလက်များနှင့် ကိုက်ညီမှုမရှိခြင်း၊
- အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်တင်သွင်းခြင်း၊
- ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ခြင်း၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူမဟုတ်ခြင်း၊
- အမည်စာရင်းတင်သွင်းရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေပေးသွင်းရာတွင် လည်းကောင်း နည်းဥပဒေများနှင့်အညီဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊
- မဲဆန္ဒနယ်တစ်ခုထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ပါတီတစ်ခုတည်း မှ ကိုယ်စားလှယ်လောင်း ၂ ဦးအား ထောက်ခံခြင်း။

မှတ်ချက်- အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြား အမှတ်၊ နေရပ် တို့နှင့်စပ်လျဉ်း၍ဖော်ပြရာ၌ အနည်းငယ် မှားယွင်းခြင်း၊ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းကို ပြင်ဆင်ခွင့်ပြုနိုင်ပြီး အမည်စာရင်းတင်သွင်းလွှာကိုမပယ်ပါ။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ ပြင်ဆင်ရန်အချိန်ပေးမည်ဖြစ်ပြီး လိုအပ်သောအချက်များကိုသတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်တင်ပြရမည်။

မှတ်ချက်- ကိုယ်စားလှယ်လောင်းမှ ခန့်အပ်ထားသော ရွေးကောက်ပွဲကိုယ်စားလှယ်သည် အရည်အချင်း ပြည့်စုံမှုမရှိပါက ကော်မရှင်အဖွဲ့ခွဲမှ အခြားတစ်ဦး အားခန့်ထားရန် အမည်တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

ကော်မရှင်အဖွဲ့ခွဲများမှ အမည်စာရင်းတင်သွင်းလွှာနှင့်စပ်လျဉ်း၍ ပယ်ချပါက အယူခံနိုင်ရန်အတွက် ဆုံးဖြတ်ချက် မိတ္တူမှန်တစ်စောင်ကို အမိန့်ချမှတ်သည့်နေ့တွင် အခမဲ့ထုတ်ပေးရမည်။

၆ **အမည်စာရင်းတင်သွင်းလွှာကန့်ကွက်ခြင်းဆိုတာ ဘာကိုဆိုလိုပါသလဲ၊ မည်သို့ကန့်ကွက်လွှာတင်သွင်းနိုင်ပါသလဲ။**

ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းသူ သို့မဟုတ် ၎င်းမှခန့်အပ်ထားသော ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံမှု မရှိကြောင်း လုံလောက်သောအထောက်အထားများတင်ပြ၍ သတ်မှတ်ထားသည့်အတိုင်း စာဖြင့်ရေးသား၍ ကန့်ကွက်လွှာတင်သွင်းခြင်းကိုဆိုလိုသည်။

| | | |
|---|---|---|
| ၆ ကန့်ကွက်လွှာတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၆.၁ | **လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားကိုယ်စားလှယ်လောင်းတစ်ဦး၏ အမည်စာရင်းတင်သွင်းလွှာကို ကန့်ကွက်နိုင်ပါသလား။**<br><br>ယှဉ်ပြိုင်ရွေးကောက်ခံသည့်မဲဆန္ဒနယ်တူညီလျှင် ကန့်ကွက်နိုင်ပါသည်။ |
| | ၆.၂ | **မည်သူကကန့်ကွက်လွှာတင်သွင်းနိုင်ပါသလဲ။**<br><br>လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်းမှ ခန့်အပ်ထားသော ရွေးကောက်ပွဲကိုယ်စားလှယ် မည်သူကိုမဆို ကန့်ကွက်လွှာ တင်သွင်းနိုင်ပါတယ်။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲမှ တင်သွင်းလာ သည့် အချက်အလက် အထောက်အထားများကို အခြေပြု၍ စိစစ်ဆောင်ရွက်မည်။ |
| | ၆.၃ | **မည်သည့်အချိန်။ မည်သည့်နေရာမှာ တင်သွင်းရမှာပါလဲ။**<br><br>ကန့်ကွက်လွှာကို သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာ စိစစ်ရန် သတ်မှတ်သော နေ့ရက်၊ အချိန်၊ နေရာတွင် တင်သွင်းနိုင်ပါသည်။<br><br>တိုင်းရင်းသားလူမျိုးများမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကန့်ကွက်လွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တို့ကအမည်စာရင်းတင်သွင်းလွှာစိစစ်ရန် သတ်မှတ်သော နေ့ရက်၊ အချိန်၊ နေရာတွင် တင်သွင်းရမည်။<br><br>သတ်မှတ်ချိန်နောက်ပိုင်း တင်သွင်းသော ကန့်ကွက်လွှာများကို ကော်မရှင်အဖွဲ့ခွဲများမှလက်ခံမည် မဟုတ်ပါ။ |
| | ၆.၄ | **ကန့်ကွက်လွှာတင်သွင်းခြင်းအတွက် ငွေပေးသွင်းရန်လိုအပ်ပါသလား။**<br><br>မလိုအပ်ပါ။ |
| | ၆.၅ | **ဘယ်လိုတင်သွင်းနိုင်ပါသလဲ။**<br><br>ကန့်ကွက်သူအနေဖြင့် လုံလောက်သော သက်သေအထောက်အထားများနှင့်တကွ တင်ပြရမည်။ |
| | ၆.၆ | **ကန့်ကွက်လွှာများကိုမည်သည့်အချိန်တွင် စတင်စိစစ်မှာပါလဲ။ မည်သို့သော သက်သေအထောက်အထားများတင်ပြရပါမလဲ။**<br><br>သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲအသီးသီးသည် အမည်စာရင်း တင်သွင်းလွှာ နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် ရှိပါက ယင်းကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ခုနစ်ရက်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပါမည်။<br><br>တင်ပြနိုင်သောအထောက်အထားများမှာ- မဲစာရင်းမိတ္တူ/မဲစာရင်းပါအချက်အလက်၊ မွေးစာရင်း၊ ကိုယ်စားလှယ်လောင်းမှ အများပြည်သူသို့တရားဝင်ထုတ်ပြန်ကြေညာချက်များ သို့မဟုတ် မိန့်ခွန်း၊ မျက်မြင်သက်သေများ၏ သက်သေထွက်ဆိုချက်၊ သက်ဆိုင်ရာတရားရုံးမှပြစ်မှုကျူးလွန်ကြောင်း၊ လူမွဲ စာရင်းဝင်ဖြစ်ကြောင်း စသည့်အမိန့်ချမှတ်ထားသည့် မိတ္တူမှန် သို့မဟုတ် အခြားသက်သေအထောက်အထား။ |

| | | |
|---|---|---|
| | | သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲမှ အမည်စာရင်းတင်သွင်းထားသူ လွှတ်တော်ကိုယ်စားလှယ်လောင်းအား သတ်မှတ်ချက် အရည်အချင်းပြည့်စုံကြောင်း တင်ပြလိုသည့် အထောက်အထား တင်သွင်းခွင့်ပြုမည်။ |
| | ၆.၇ | **မည်သည့် ဥပဒေကုစားမှုများ ရရှိနိုင်ပါမလဲ။**<br><br>သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးမှ အမည်စာရင်းတင်သွင်းလာသည့် ကိုယ်စားလှယ်လောင်းကို ဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊ လက်ခံရန်သင့်/မသင့်ကို တင်ပြသည့် အထောက်အထားများအပေါ် စိစစ် ဆုံးဖြတ်မည်။ |
| | ၆.၈ | **ကန့်ကွက်လွှာအပေါ် ဘယ်တော့ဆုံးဖြတ်ချက်ချမှာပါလဲ။**<br><br>စုံစမ်းစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းကို ခုနစ်ရက်အတွင်းပြီးပြတ် အောင်ဆောင်ရွက်ပါမည်။ |
| ၇ | **အယူခံခွင့်ရှိပါသလား။ မည်သို့အယူခံနိုင်ပါမလဲ။**<br><br>သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိပါက အယူခံနိုင်သည်။<br>• အမိန့်ချမှတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အယူခံနိုင်သည်။<br>• တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းသူဖြစ်ပါက ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်းအယူခံနိုင်သည်။<br>ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသည် အယူခံလွှာရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သင့်လျော်သောအမိန့်ကိုချမှတ်ပါမည်။ ကော်မရှင်အဖွဲ့ခွဲမှ အယူခံလွှာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက် အမိန့်ကို လက်ခံလျှင် လက်ခံကြောင်း၊ ပယ်လျှင်ပယ်ကြောင်း အကျိုးအကြောင်း အကျဉ်းချုပ်ဖော်ပြ၍ ထုတ်ပြန်ပေးရပါမယ်။ အမိန့်စာမိတ္တူတစ်စောင်စီကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲနှင့် အယူခံသူတို့ထံ သုံးရက် အတွင်းအမြန်ဆုံးပေးပို့မည်။ | |
| ၈ | **မည်သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန် ကြေညာမှာပါလဲ။**<br><br>အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ပြီးနောက် အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းရန် သတ်မှတ်ထားသောရက်ကုန်ဆုံးသည်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသည် စိစစ်လက်ခံအတည်ပြုထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ပုံစံ(၁၀)ဖြင့်ပြုစု၍ ကပ်ထားကြေညာမည်။<br><br>တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ပုံစံ (၁၀-က)ဖြင့် ပြုစု၍ ကပ်ထားကြေညာမည်။<br><br>အမည်စာရင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးမှ မိမိရုံး၏ အများပြည်သူ တွေ့မြင်နိုင်သော နေရာ၌ ကပ်ထားကြေညာမည်။ | |

| | |
|---|---|
| | အမည်စာရင်းမိတ္တူတစ်စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့မည်။<br><br>လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အတွက် သက်သေခံကတ်ပြားများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးမည်။ |